ဟေရှာယ ၆၂
ဣသရေလအတွက် နိုင်ငံတကာ (၂၁) ရက်တာ အစာရှောင် ဆုတောင်းခြင်း  (မေလ ၇-၂၈, ၂၀၂၃)

ထာဝရဘုရားမှ ယေရှုရှလင်နှင့် အစ္စရေးအတွက် အကြံစည်တော်နှင့် ကတိတော်များအား အချိန်အဟုန် မြင့်တင်စေရန်အလို့ငှါ မေ ၇-၂၈ အထိ သန်းပေါင်းများစွာသော ယုံကြည်သူများမှ တစ်နေ့လျှင် ၁ နာရီကျ ၂၁ ရက်တာလုံး ဆုတောင်းပေးမည့်အစီအစဉ် ပါဝင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ တစ်ဦးချင်းစီ သော်လည်းကောင်း၊ နှစ်ဦးထက်ပို၍သော်လည်းကောင်း ( မဿဲ ၁၈:၂၀) နေရာအသီးသီးမှ ယုံကြည်သူများစွာ လူကိုယ်တိုင် စုရုံး၍သော်လည်းကောင်း အွန်လိုင်းမှ သော်လည်းကောင်း စုစည်း၍ အတူတကွ ဆုတောင်းကြမည့် အစီအစဉ် ဖြစ်ပါသည်။

ကမ္ဘာနဲ့အဝှမ်း ထောင်ပေါင်းများစွာသော သာသနာအသီးသီး ( Lou Engle, Jason Hubbard, Mike Bickle ) တို့မှအစ စုစည်းကာ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်၍ သန်းနှင့်ချီသော ယုံကြည်သူများမှ ဤ 'Global Solemn Assembly' ၌ ပါဝင်ကြရန် ကတိပေးထားပြီး ဖြစ်သည်။ သန်းပေါင်းရာချီ ပါဝင်ကြရန်မှာ အထူးဆုတောင်း ဖြစ်ပါသည်။ သခင်ယေရှုခရစ် ပြန်လည်ဆင်းကြွလာသည် အထိ တိတ်ဆိတ်မသွားစေမည့် လူအများအား ခွဲခန့်မှတ်သားသွားစေရန်မှာ ဘုရားသခင်၏ ကတိတော်ဖြစ်ပါသည်။ ( ယေရှာယ ၆၂:၆-၇ )

မတ်လ (၇)ရက်နေ့ စတင်ကြေငြာချိန်မှစ၍ ၃ပတ်တာအတွင်း လူပေါင်း တစ်သန်းကျော်မှ ပါဝင်ရန် စားရင်းသွင်းခဲ့ကြပါသည်။ မေလ (၇)ရက်နေ့တွင် လူတစ်သန်းထက် အဆပေါင်းများစွာသော လူအမျိုးမျိုးမှ နည်းလမ်းမျိုးမျိုးဖြင့် အစာရှောင်ခြင်း ( အချို့မှ ရေ လုံးဝ မသောက်ရန်၊ အချို့မှာ အသားရှောင်၊ အချိုရည်ရှောင် မီဒီယာရှောင်၊ ထမင်းတစ်နပ်ရှောင်) စသည်ဖြင့် ပါဝင်ကာ ဘုရားသခင်အလို့ငှါ ဆုတောင်းကြမည် ဖြစ်ပါသည်။
( ထွက် ၃၃:၁၈ )

သို့ပါ၍ အသင်းတော် အသီးသီး၏ သာသနာ အသီးသီးမှ ဤ ( Isaiah62Fast.com ) နှင့် ချိတ်ဆက်ကြရန် ဖိတ်ခေါ် ဦးဆောင်အပ်ပါသည်။ ဤ website သည် IHOP website မျှသာ မဟုတ်ပဲ ကမ္ဘာအနှံ့ အသင်းတော်များစွာမှ သာသနာလုပ်ငန်းများစွာ ချိတ်ဆက်ထားသော ကွန်ရက် ဖြစ်သောကြောင့် သန်းပေါင်းများစွာမှ ဝင်ရောက်ကြည့်ရှုသော ဖြစ်ပါသည်။ ဤ မီဒီယာ HUB မှ အသင်းတော် အသီးသီးမှ လုပ်ဆောင်မှု အသီးသီး၊ နှုတ်ကပတ်တော်လေ့လာခြင်း စသည်ဖြင့် အသင်းတော် အချင်းချင်း အထောက်အကူပြုစေရန် အလို့ငှါ ချိတ်ဆက်ပေးထားပါသည်။ အသေးစိတ် သိရှိလိုပါက website အား ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

IHOPKC ဆုတောင်းခန်းသည် Israel အတွက် သုံးပတ်တာ မရပ်မနား ဆုတောင်းခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းများ ပြုလုပ်ရန် ရည်စူးထားသော အဖွဲ့အစည်းဖြစ်၍ IHOPKC မှ အချိန်ပြည့် အမှုတော်ဆောင် ၃၀၀ ကျော်မှ တစ်ရက်လျှင် ၀-၁၂ နာရီကြာ ၂၁ရက် တိုင်တိုင် ဆုတောင်းသွားကြမည် ဖြစ်သည်။ ဤသို့ ပါဝင်ဆက်ကပ်မှုအပေါ် အထူးကျေးဇူးတင်ရှိအပ်ပါသည်။
အသေးစိတ် သိရှိလိုပါက click လုပ်ပေးကြပါရန်

Why 100 million?
နှစ်ပေါင်းများစွာ ဘုရားသခင်မှ သူ၏လူမျိုးများအတွက် ဆုတောင်းပေးရန် အလို့ငှါ သန်းပေါင်းရာချီ ကိုယ်စားပြုဆုတောင်းပေးသူများအား ပုံစံအမျိုးမျိုးဖြင့် ပြင်ဆင်ပေးခဲ့ပါသည်။ Eric Watt, Jason Hubbard (IPC) နှင့် အဖွဲ့သည် IHOPKC ရုံးသို့ ယခုနှစ်ပိုင်းအတွင်း မကြာခဏ လာရောက်ခဲ့ကြပါသည်။ ကမ္ဘာနှင့်အဝှမ်း ၅၀၀၀ ကျော်သော ဆုတောင်းအဖွဲ့များအား ကိုယ်စားပြုသော အဆိုပါ အမှုတော်ဆောင်များနှင့် အဖွဲ့များမှ သန်းပေါင်း ၁၃၀ကျော်သော ယုံကြည်သူများအား ကိုယ်စားပြုထားသည့် အချက်မှာ အစပိုင်း၌ ယုံရခက်ခဲ့ကြောင်း ဝန်ခံရပေမည်။ ၎င်းတို့၏ နောက်ဆုံးအကြိမ် လာရောက်လည်ပတ်ချင်းမှာ ၂၀၂၂ခုနှစ် ဒီဇင်ဘာလ၌ ဖြစ်၍ ဤတွေ့ဆုံခြင်းမှ ၂၀၂၃ အတွင်း လေးကြိမ်တိုင်တိုင် နေရာတစ်ခုအား သီးသန့်သတ်မှတ်၍ အထူးဆုတောင်းပေးကြရန် ဆုံးဖြတ်ဖိတ်ခေါ်ခဲ့ကြပါသည်။ ဤသို့ လုပ်ဆောင်ခြင်းမှာ သမိုင်း၌ ပထမဆုံးအကြိမ်ဖြစ်၍ တစ်ကမ္ဘာလုံးပါဝင်နိုင်ရန် 110cities.com ၌ ဖိတ်ခေါ်ခဲ့ကြပါသည်။ ( John 17:21-23 )

ဤအဖွဲ့အစည်းနှင့် သန်း၁၁၀ ကျော်သော ယုံကြည်သူများမှ ၂၀၂၃ ဇန်နဝါရီလ ၂၂၌ တရုတ်နိုင်ငံအတွက်၊ ဧပြီလ ၁၇ရက်တွင် အရှေ့အလယ်ပိုင်းဒေသအတွက်၊ မေလ ၂၈ရက်တွင် Isreal အတွက်၊ အောက်တိုဘာ ၃၁တွင် အိန္ဒိယနိုင်ငံအတွက် ဆုတောင်းပေးသွားမည် ဖြစ်ပါသည်။ ဤ သန်း၁၀၀ကျော်တို့မှာ ယေရှုခရစ်တော်၏ မဟာစေခိုင်းချက်အတွက် အလေးအနက် ဆက်ကပ်ထားသူများဖြစ်ကြသော်လည်း ဣသရေလအတွက် ဘုရားသခင်၏ အကြံအစည်တော်အတွက် ဆက်ကပ်ခြင်း မရှိသေးသူများမှာ အများစုပင် ဖြစ်ကြသည်။ သို့သော်ငြားလည်း ဆက်ကပ်ထားသည့်အတိုင်း ဆုတောင်းပေးကြမည်မှာ အမှန်ပင် ဖြစ်သည်။

ဤအကြိမ် (၂၁ရက်) ဆုတောင်းခြင်း အစီအစဥ်၌ တစ်သန်းကျော်သော ကိုယ်စားပြု ဆုတောင်းသူများမှ သန့်ရှင်းသော ဝိညာဉ်တော်မှ ဤ သန်း၁၀၀ကျော်တို့ အပေါ် ရုတ်တရက်(တိုက်ခိုက်) ကြီးမားစွာ လှုပ်ရှားတို့ထိခြင်းအားဖြင့် ဘုရားသခင်လူမျိုးအပေါ် အကြံအစည်တော် ပြည့်စုံစေရန်မှာ အဓိက ဆုတောင်းဖြစ်သည်။

Why do we so value praying for Jerusalem and Israel?
ဣသရေလ လူမျိုးအားလုံး၏ နောင်တရခြင်း (တမန် ၃:၁၉) နှင့် ယေရှုခရစ်တော်သည် မေရှိယ ဖြစ်ကြောင်း နှုတ်ဖြင့် ဝန်ခံခြင်း (မဿဲ ၂၃:၃၉) တို့သည် ယေရှုခရစ်တော် ဒုတိယအကြိမ် ပြန်လည်ဆင်းကြွလာခြင်း၊ ခရစ်တော်၏ မဟာစေခိုင်းချက်နှင့် 'သေလွန်သူတို့ ရှင်ပြန်ထမြောက်ခြင်း' ( ရောမ ၁၁:၁၅ ) တို့ အားလုံးမှာ နက်နဲစွာ ဆက်နွယ်နေသည်။ ဆာလံ ၁၁၈:၂၆၌ ယေရုရှလင်မှ ခေါင်းဆောင်များ ယေရှုခရစ်တော်အား မေရှိယအဖြစ် အသိအမှတ်မပြုမခြင်း ခရစ်တော် ပြန်လာမည်မဟုတ်ကြောင်း ဖော်ပြထားသည်။
ဆာလံ ၁၁၈:၂၆၊ မဿဲ ၂၃:၃၇-၃၉၊ တမန်တော် ၃:၁၉-၂၁

တမန်တော် ရှင်ပေါလုမှလည်း နောက်ဆုံးသော အချိန်၌ ဘုရားသခင်သည် တပါးအမျိုးသားများအား အသုံးပြု၍ ဣသရေလအမျိုးသားများ ယေရှုခရစ်တော်အား လက်ခံလာစေမည့်အကြောင်း ရေးသားခဲ့သည်။
ရောမ ၁၁:၁၁-၁၅

ယခုကျင်းပမည့် ၂၁ရက် ဆုတောင်းခြင်းမှ ထိုရေးသားချက်များအား ပြည့်စုံစေရန် အလို့ငှါ အရှိန်မြှင့်တင်ပေးသော အဓိက အထောက်အကူတစ်ရပ် ဖြစ်လာစေရန် ယုံကြည်ထားသည်။ ဤ အစာရှောင်ဆုတောင်းအား အဆုံးသတ်ရာနေ့ မေလ ၂၈ရက်နေ့သည် ပင်တေကုတ္တေ တနင်္ဂနွေနေ့ဖြစ်သည်။ ထိုနေ့၌ သန်း၁၀၀ကျော်သော ယုံကြည်သူများမှ ဣသရေလလူမျိုး/နိုင်ငံ အပေါ် အတူတကွဆုတောင်းပေးခြင်းမှာ Eric Ward, Jason Hubbard နှင့် '110 Cities' အဖွဲ့များအား အသုံးပြု၍ ဘုရားသခင်၏ ဖိတ်ခေါ်သံအား တုံ့ပြန်ခြင်းတစ်ရပ် အဖြစ် ယုံကြည်ထားသည်။

110Cites.com မှ ဧပြီလ ၁၇ရက်တွင် သန်း၁၀၀ကျော်သော ယုံကြည်သူများ၏ အရှေ့အလယ်ပိုင်းဒေသအတွက် ဆုတောင်းခြင်းအား ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သမိုင်းတစ်လျှောက်၌ ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်ရမည့် ဤဆုတောင်းခြင်း အထမြောက်ခြင်းသည်ပင်လျှင် ဘုရားသခင်၏ အချိန်ကာလ ပြည့်စုံခြင်းအတွက် အရှိန်မြှင့်ပေးမည့် ထူးခြားသော လက္ခဏာတစ်ရပ်အဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ ( ဆာလံ ၁၀၂:၁၃၊၁၈ )

ဧသတာ ၄:၁၄-၁၆
တစ်နည်းအားဖြင့် ဤဆုတောင်းခြင်းသည် 'တစ်ကမ္ဘာလုံး၏ ဧသတာ အခိုက်အတန့်' ( Global Esther Moment ) ဟုပင် သတ်မှတ်ရပေမည်။ အကြောင်းမှာ ယခုအချိန်ကာလသည် သန်းပေါင်းများစွာတို့၏ အတူတကွ သဘော တညီတညွတ်တည်း အစာရှောင်ဆုတောင်းခြင်း၊ ဘုရားသခင်၏ ဣသရေလတို့အပေါ် အကြံအစည်အား ရဲဝံ့စွာထုတ်ဖော်ပြောဆိုရမည့်အချိန် တစ်ကမ္ဘာလုံးမှ အမုန်းပွါးနေခြင်းအပေါ် ( anti

semitism ) ရဲဝံ့စွာ ရပ်တည်ကာကွယ်ပေးရင်း ဣသရေလတိုင်းနိုင်ငံ၏ လက်ရှိပြဿနာများအတွက် ဆုတောင်းပေးရင်း ခရစ်တော် အမြန်ပြန်လာရန် လုပ်ဆောင်ရမည့်အချိန်ဖြစ်သည်။ ( ဇာခရိ ၁၄:၁-၅ )